FORB Learning Platform

# ဇာတ်ညွှန်း : လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်မှု အကြောင်းအရာများ - ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ခြင်း

လွတ်လပ်စွာ ကိုးကွယ်ခြင်း ဒါမှမဟုတ် သက်ဝင်ယုံကြည်ခြင်းနဲ့ အနီးစပ်ဆုံး အခွင့်အရေး ကတော့ ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ခြင်းပဲ ဖြစ်ပါတယ်။ ခွဲခြားဆက်ဆံခြင်းဆိုတာ လူတွေဟာ သူတို့ရဲ့ဖြစ်တည်မှုကြောင့် အခြားလူတွေလို တန်းတူရည်တူ ဆက်ဆံ မခံရတာကို ဆိုလိုခြင်း ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေပါ အဓိကစည်းမျဉ်းတွေထဲက တစ်ခုကတော့ နိုင်ငံတော်အနေနဲ့ ကိုးကွယ်ရာဘာသာ (သို့) သက်ဝင်ယုံကြည်မှုတွေအပါအဝင်၊ ဘယ်လို နောက်ခံ အကြောင်းအရာ အနေအထားမျိုးကြောင့်မှ ခွဲခြားဆက်ဆံခြင်း မပြုဖို့ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း အပိုင်း -၂ မှာ ဒီလူ့အခွင့်အရေးကို ဖော်ပြထားပါတယ်။

<u>အိုင်စီစီပီအာ အပိုင်း -၂၊ အပိုဒ် - ၁</u>
*ဤစာချုပ်အဖွဲ့ဝင်နိုင်ငံအစိုးရအသီးသီးအနေဖြင့် မိမိတို့၏ ပိုင်နက်နယ်မြေနှင့် စီရင်အုပ်ချုပ်သည့် နယ်မြေများတွင် နေထိုင်ကြသော* ပုဂ္ဂိုလ်တိုင်းအတွက် ဤ သဘောတူစာချုပ်မှ အသိအမှတ်ပြုထားသော အခွင့်အရေးများ ကို လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား၊မ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာ စကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေး ခံယူချက် (သို့) အခြားသောအယူအဆများအားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော(သို့) လူမှုအဆင့်အတန်းနှင့်ဆိုင်သောဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့်ဖြစ်စေ၊ အခြားအဆင့်အတန်းများအားဖြင့်ဖြစ်စေ ခွဲခြားမှုမရှိဘဲ လေးစားလိုက်နာမည်ဟု အာမခံသည်။

ဒါကြောင့် ကိုးကွယ်ရာဘာသာ (သို့) သက်ဝင်ယုံကြည်မှု အပေါ်အခြေခံတဲ့ ခွဲခြား ဆက်ဆံခြင်းကို တားမြစ်ထားပါတယ်။ ခွဲခြားဆက်ဆံခြင်းကိုတားမြစ်တာဟာ အနိုင်ထက်ပြု ကျင့်ခြင်းကို တားမြစ်ရာလည်း ရောက်ပါတယ်။ နိုင်ငံတော်အနေနဲ့ ၄င်းရဲ့လုပ်ဆောင်ချက်တွေမှာ ခွဲခြားဆက်ဆံခြင်းကို ရှောင်ကြဉ်ရမည့်အပြင် လူမှုအသိုင်းအဝန်းအတွင်းက ခွဲခြားဆက်ဆံခြင်း တွေကိုလည်း ထိရောက်စွာ ကာကွယ်ပေးရမယ်၊ ရပ်တန့်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဘယ်လိုဘဲ ဖြစ်နေပါစေ၊ ခွဲခြားဆက်ဆံခြင်းဟာ လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ကို ချိုးဖောက်မှုအဖြစ် အများဆုံးကြုံတွေ့ရပြီး ၎င်းက ဘာသာတိုင်း နှင့် သက်ဝင်ယုံကြည်တဲ့ အစုအဖွဲ့တိုင်းကို ထိခိုက်လျက်ရှိပါတယ်။

ဆွီဒင်နိုင်ငံက သုတေသီတွေ တွေ့ရှိချက်အရ ဂျူးလူမျိုးတွေဟာ အလုပ်အကိုင် ရနိုင်ချေ ၂၆ ရာခိုင်နှုန်း အောက်မှာရှိပြီးတော့ မွတ်ဆလင်တွေကတော့ ၃၇ ရာခိုင်နှုန်းအောက်မှာ ရှိနေပါတယ်။ လက်ဝါးကားတိုင်နှင့် ခေါင်းမြီးခြုံပုဝါ တို့လို ဘာသာရေးဆိုင်ရာ အမှတ်အသားတွေကို လုပ်ငန်းခွင်မှာ ဝတ်ဆင်ခွင့်ကို အလုပ်ရှင်က ဝန်ထမ်းတွေကို တားမြစ်ခဲ့ရင် ဆိုတာနဲ့  ဘယ်လို အခြေအနေမျိုးမှာ ခွဲခြားဆက်ဆံမှုမြောက်လဲဆိုတဲ့ မေးခွန်းဟာ အလွန်အရေးကြီးပါတယ်။ အဲလိုအဖြစ်အပျက်မျိုးကို ဉရောပ တရားရုံးနဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီတွေမှာ အကြိမ်ကြိမ် တင်ပြခဲ့ကြပါတယ်။

ခွဲခြားဆက်ဆံခြင်းဟာ ပုံစံအမျိုးမျိုးရှိနိုင်ပါတယ်။ တခါတလေမှာ နိုင်ငံတော်က ဘာသာတစ်ခုကို အခြားဘာသာတွေထက် ပိုဦးစားပေး၊ မျက်နှာသာပေးတဲ့ပုံစံမျိုးဖြစ်ပါတယ်။  ဥပမာ - အသင်းအဖွဲ့တွေကို နိုင်ငံတော်က ရန်ပုံငွေထောက်ပံ့ပေးတဲ့အခါ ခွဲခြားပြီးပေးတာမျိုးဖြစ်ပါတယ်။ တခါတရံမှာတော့ ခွဲခြားဆက်ဆံခြင်းဟာ ပိုမိုပြင်းထန်ပြီး ရပိုင်ခွင့်တွေကို ငြင်းဆိုတဲ့အဆင့်ထိ ရောက်သွားတတ်ပါတယ်။ ဥပမာ - တချို့အစုအဖွဲ့တွေ တရားဝင် မှတ်ပုံတင်ရရှိခွင့် (သို့) ဝတ်ပြုကိုးကွယ်ရာ အဆောက်အဦးတွေ ဆောက်လုပ်ခွင့် ငြင်းပယ်ခံရတဲ့ အချိန်မျိုးပေါ့။ ဘာသာရေး ဒါမှမဟုတ် သက်ဝင်ယုံကြည်မှုအပေါ် နိုင်ငံတော်ရဲ့ ခွဲခြားဆက်ဆံခြင်းဟာ ဘာသာရေးလုပ်ငန်းတွေကိုသာ ထိခိုက်စေတာ မဟုတ်ပါဘူး။ ဒါဟာ လက်ထပ်ထိမ်းမြားခြင်း၊ ကလေးမွေးစားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ အိမ်ခြံမြေ၊ လူမှုဖူလုံရေးနှင့် တရားမျှတမှုရရှိရေး စတဲ့ လူမှုဘဝတိုင်းကို ထိခိုက်စေပါတယ်။

နိုင်ငံအတော်များများမှာ လူတိုင်းဟာ သူတို့ကိုးကွယ်တဲ့ဘာသာကို မှတ်ပုံတင်မှာ ဖော်ပြလေ့ရှိပါတယ်။ ဒါဟာ လူနည်းစုတွေအနေနဲ့ သူတို့မှတ်ပုံတင်ကို ပြရတဲ့အချိန်တိုင်း ခွဲခြားဆက်ဆံမှုကို ခံရနိုင်ချေများစေပါတယ်။

အင်ဒိုနီးရှားနိုင်ငံက အချို့ဒေသတွေမှာနေတဲ့ ဟိန္ဒူတွေဟာ သူတို့ရဲ့ လက်ထပ်ထိမ်းမြားလက်မှတ် ဒါမှမဟုတ် မွေးလက်မှတ်တို့ကို ဒေသတွင်းအာဏာပိုင်က ထုတ်ပေးဖို့ ငြင်းဆိုတာကြောင့် ဂေးလံတဲ့ အရပ်ဆီသွားပြီး မှတ်ပုံတင်နေရပါတယ်။ ခရစ်ယာန်တွေဟာလည်း ဘုရားရှိခိုး ကျောင်းဆောက်လုပ်ခွင့်နှင့် ပြုပြင်ခွင့် ရရှိဖို့ အခက်အခဲရှိနေပါတယ်။ အမျိုးသားတရားရုံးတွေက ခရစ်ယာန်ဘာသာကို ဦးစားပေးတဲ့ စနစ်နဲ့ အသေအချာ အုပ်ချုပ်ခဲ့ပေမယ့် ဒေသတွင်း အာဏာပိုင်တွေဟာ   အစွန်းရောက် အကြမ်းဖက်အဖွဲ့တွေကို ကြောက်ရွံ့တဲ့အတွက် ဒီအုပ်ချုပ်ရေး စနစ်ကို လျစ်လျူရှုခဲ့ကြပါတယ်။

ပါကစ္စတန်နိုင်ငံက ခွဲခြားဆက်ဆံတဲ့ဥပဒေတစ်ရပ်ပြဌာန်းချက်ဟာ အမာဒီ (Ahmadis) တွေ တရားဟောတာ၊ သာသနာပြုတာနှင့် သူတို့ဘာသာနှင့်စပ်ဆိုင်တဲ့ ပစ္စည်းတွေ ဖြန့်ဝေမှု ကို ရာဇဝတ်မှုမြောက်စေတဲ့ လုပ်ရပ်ဖြစ်စေခဲ့ပြီး အမာဒီတွေ မဲပေးခွင့်ကိုပါ ထိခိုက် ဆုံးရှုံးစေခဲ့ပါတယ်။

ကင်ညာနိုင်ငံက လူ့အခွင့်အရေးအဖွဲ့တွေက နိုင်ငံအတွင်းရှိ အကြမ်းဖက်သမားတွေကို တိုက်ခိုက်တာဟာ  လုံခြုံရေးအရာရှိတွေရဲ့ မွတ်ဆလင်တွေအပေါ် ပစ်မှတ်ထားပြီး အစုလိုက်အပြုံလိုက် ပြစ်ဒဏ် ပေးခြင်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားစေတယ်လို့ ပြောကြားခဲ့ပြီး၊ အာဏာသုံး ဖမ်းဆီးတာ၊ ညှဥ်းပန်းနှိပ်စက်တာ၊ သတ်ဖြတ်တာနှင့် အစအနဖျောက်ပစ်တာတွေကို အစိုးရက အရေးမယူ မဆောင်ရွက်ပေးခဲ့ဘူးလို့ အစီရင်ခံစာမှ ဖော်ပြရေးသားခဲ့ပါတယ်။

မြန်မာနိုင်ငံတလွှား ကျေးရွာ ၂၂ ရွာက ကျောင်းထိုင် ဗုဒ္ဓဘာသာ ဘုန်းကြီးတွေဟာ သူတို့သီတင်းသုံးဆောင်တဲ့ ရွာကို မွတ်ဆလင်ဘာသာဝင် ကင်းမဲ့ဇုံလို့ ကြော်ငြာပြီး၊ ကျေးရွာမှာ မွတ်ဆလင်တွေ မလာရ (သို့) ညမအိပ်ရလို့ တားမြစ်တဲ့ ဆိုင်းဘုတ်တွေကို စိုက်ထူခဲ့ကြတယ်။   ဒေသခံ တွေကို မွတ်ဆလင်တွေနဲ့ အိမ်ထောင်မပြုဖို့ တားမြစ်ကြတယ်၊ အမုန်းတရား ဂါဒတွေ ဖြန့်ချီခဲ့ကြတယ်။ ဒါတွေ ရပ်တန့်သွားအောင် အာဏာပိုင်တွေကလည်း ဘာအရေးယူဆောင်ရွက်မှု မှ မလုပ်ခဲ့ပါဘူး။

လူတွေဟာ တစ်ခုထက်ပိုတဲ့အကြောင်းပြချက်များစွာနဲ့ ခွဲခြားဆက်ဆံတာကို မကြာခဏ ခံစားရပါတယ်။ ဥပမာ - ကိုးကွယ်တဲ့ ဘာသာနှင့် လူမျိုး၊ ကျား၊မ ရေးရာနဲ့ လူမှုအဆင့် အတန်း စတဲ့ အချက်တွေကြောင့် ခွဲခြားဆက်ဆံခံရခြင်းတို့ ဖြစ်ပါတယ်။ လူ့အခွင့်အရေးအရ ဒါဟာ အလွှာစုံဆက်နွယ်နေတဲ့ ခွဲခြားဆက်ဆံခြင်း (Intersectional Discrimination) လို့ ခေါ်ပါတယ်။ ဒါက အမျိုးသမီးတွေ၊ တိုင်းရင်းသား လူမျိုးတွေ၊ တိုင်းရင်းသား လူနည်းစုတွေ၊ လိင်တူချစ်သူအသိုင်းအဝန်း၊ ရွှေ့ပြောင်းအခြေချ နေထိုင်သူတွေနှင့် ဒုက္ခသည်တွေ စတဲ့ သူတွေရဲ့ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့် ချိုးဖောက်ခံရ နိုင်ချေကို ပိုမိုဆိုးရွားစေနိုင်ပါတယ်။

အိန္ဒိယနိုင်ငံက အလွှာစုံဆက်နွယ်တဲ့ ခွဲခြားဆက်ဆံမှုအကြောင်းကို နမူနာတစ်ခုအနေနဲ့ ကြည့်ကြရအောင်။

ဟိန္ဒူဘာသာရဲ့ ဇာတ်စနစ်ဟာ ပုံသေသတ်မှတ်ထားတဲ့ လူတန်းစားစနစ်ဖြစ်ပြီး ဒါဟာ လူတွေကို ဇာတ်နိမ့်၊ ဇာတ်မြင့်နှင့် ဒါလစ် (Dalits) ဆိုတဲ့ ဇာတ်မဲ့အုပ်စုအဖြစ် ခွဲခြားထားပါတယ်။  ဒါလစ်တွေဟာ အဆင်းရဲတကာ့ အဆင်းရဲဆုံးဖြစ်ပြီး လူမှုရေးနဲ့ စီးပွားရေးအရ ခွဲခြားဆက်ဆံခြင်း ဒဏ်ကို ဆိုးဆိုးဝါးဝါး ရင်ဆိုင်နေရပါတယ်။ ဟိန္ဒူဘာသာတရားမှာ သူတို့ရဲ့မူလဇစ်မြစ်ရှိပေမယ့်၊ လူတန်းစားစနစ်ဟာ အိန္ဒိယလူမှုအသိုင်းအဝန်းတစ်ခုလုံး ပြန့်နှံ့နေပြီး ဘာသာတရားတိုင်းမှာရှိတဲ့လူတိုင်းမှာ သက်ဆိုင်ရာ လူတန်းစားဇာတ် ရှိတယ်လို့ မှတ်ယူပါတယ်။

ဥပမာ- အိန္ဒိယနိုင်ငံသား ခရစ်ယာန်နှင့် မွတ်ဆလင်တွေဟာ များသောအားဖြင့် ဒါလစ်က လူတန်းစားမှ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရတဲ့အခါ အစိုးရက လူတန်းစားခွဲခြားတဲ့စနစ်ကို တားမြစ်ပြီး ဒီစနစ်ကို တိုက်ဖျက်ဖို့ လူမျိုးရေးနှင့် အသားအရောင်အရ အနိမ့်ခံရမှု ပပျောက်ရေးလုပ်ငန်းစဉ်ကို ကြိုးစား မိတ်ဆက်ပေးခဲ့ပါတယ်။ ဒီစနစ်အရ ဒါလစ်တွေကို အစိုးရရုံးမှာ တာဝန်ထမ်းဆောင်ဖို့ ဝန်ထမ်း နေရာသတ်မှတ်ပေးခြင်း၊ အဆင့်မြင့် အစိုးရတက္ကသိုလ်မှာ နေရာပေးထားခြင်းနှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်တွေကိုပါ ပေးထားခဲ့ပါတယ်။ ဒီလောက်ဆို တော်တော်ကောင်းနေပြီလို့ ထင်ကောင်းထင်လိမ့်မယ်။ တကယ်တော့ ဒီအကျိုးခံစားခွင့်တွေကို ဟိန္ဒူဘာသာဝင် ဒါလစ်တွေ၊ ဆစ်ခ်တွေ(Sikhs) နှင့် ဗုဒ္ဓဘာသာဝင်တွေကိုပဲ ပေးအပ်တာဖြစ်ပါတယ်။ ဒါလစ်နောက်ကြောင်း ကနေလာတဲ့ ခရစ်ယာန်နဲ့ မွတ်ဆလင်ကိုတော့ ဒီအကျိုးခံစားခွင့်တွေ ပေးဖို့ ငြင်းဆန်ခဲ့ပါတယ်။

ခရစ်ယာန်နဲ့ မူစလင်ဘာသာဝင် ဒါလစ်တွေဟာ သူတို့ရဲ့ လူမျိုးနွယ်စုအဆင့်အတန်းကြောင့် နှင့် လူနည်းစု ဘာသာဝင်တွေဖြစ်တာကြောင့် လူထုအသိုင်းအဝန်းထဲမှာ ခွဲခြားဆက်ဆံမှုတွေ ကြုံတွေ့ ကြရပါတယ်။ နိုင်ငံတော်က ဇာတ်စနစ်ကိုတိုက်ဖျက်တဲ့ အပြုသဘောဆောင်လုပ်ငန်းစဉ် တွေမှာ သူတို့ ကိုးကွယ်နေတဲ့ ဘာသာကြောင့် သူတို့ကို ချန်လှပ်ထားခြင်းအားဖြင့် နိုင်ငံတော်ဟာ သူတို့ကို ခွဲခြားဆက်ဆံခဲ့ပါတယ်။ ဒါတွေဟာ ခရစ်ယာန်နဲ့ မွတ်ဆလင်ဘာသာဝင် ဒါလစ်တွေရဲ့ စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးမှာ အကျိုး သက်ရောက်မှုရှိ ပါတယ်။

အကျဉ်းချုပ်ပြောရရင် လူတွေရဲ့ ကိုးကွယ်တဲ့ ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို အခြေခံပြီး ခွဲခြားဆက်ဆံမှုကို နိုင်ငံတော်အနေနဲ့ ခွင့်ပြုမထားပါဘူး။ လူမှုဝန်းကျင်အတွင်းက ခွဲခြားဆက်ဆံမှု တွေမှ အကာအကွယ်ပေးဖို့နှင့် ရပ်တန့်သွားအောင် ထိထိရောက်ရောက်အရေးယူတဲ့နည်းနဲ့ လူတွေကို အကာအကွယ်ပေးဖို့ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။

ခွဲခြားဆက်ဆံခြင်းဟာ ပုံစံအမျိုးမျိုးရှိနိုင်ပြီး ဘဝရဲ့ ကဏ္ဍတိုင်းအပေါ် အကျိုးသက်ရောက်မှုရှိပါ တယ်။ ခနခနဆိုသလိုပဲ လူတွေဟာ သူတို့ရဲ့ ဘာသာရေးနဲ့ သက်ဝင်ယုံကြည်မှုအပါ အဝင် တစ်ခုထက်ပိုတဲ့အမြောက်အများ၊ ကဏ္ဍပေါင်းစုံမှ ပါဝင်သက်ရောက်တဲ့ အကြောင်းအရင်းတွေ ကြောင့် ခွဲခြားဆက်ဆံမှုတွေကြုံတွေ့ရပါတယ်။

ခွဲခြားဆက်ဆံခြင်းနဲ့ သက်ဆိုင်တဲ့ လူ့အခွင့်အရေးအကြောင်းအရာအပြင် ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ခြင်းအကြောင်းအရာတွေကို ဝက်ဘ်ဆိုက်မှာ တင်ထားတဲ့ သင်ထောက်ကူ အကြောင်းအရာတွေမှာ ပိုမိုရှာဖွေလေ့လာနိုင်ပါတယ်။

မူပိုင် - SMC 2018